# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ(၃၀)ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု သတင်းလွှာ



**UEHRD ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ၁၈-၁၀-၂၀၁၉ နေ့တွင် ကျင်းပပြုလုပ်သော UEHRD ကော်မတီ ဒုတိယအကြိမ်နှစ်ပတ်လည်အခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်**

UEHRD စပြီးပေါ်လာတာက ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ပဋိပက္ခတွေ၊ ပြဿနာတွေကို အားလုံးစုပေါင်းပြီးလုပ်မယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဖြစ်ပေါ်လာတာဖြစ်ပြီး ကျွန်မတို့ကစပြီး ပြည်ထောင်စု တစ်ခုလုံး ပါဝင်ရမယ့်လုပ်ငန်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုတစ်ခုလုံး ပါဝင်ရမယ့်လုပ်ငန်းဆိုတာ ကျွန်မတို့ ပြည်ထောင်စုရဲ့ ဘယ်နေရာမှာပဲဖြစ်ဖြစ် အကောင်းဆုံးလုပ်နိုင်ရင် ကျန်တဲ့သူက မုဒိတာပွားနိုင်ရမှာ ဖြစ်ပါ ကြောင်း၊ ရခိုင်ပြည်နယ်မှာ အခုဖြစ်ပွားနေတဲ့ ပြဿနာတွေကို နိုင်ငံသူနိုင်ငံသားများ ပြည်ထောင်စု သားသမီးများ အားလုံးရဲ့ ပူးပေါင်း ဆောင်ရွက်မှုနဲ့ ဖြေရှင်းနိုင်မယ်ဆိုရင် နောင်လာနောက်သားတွေအတွက် အင်မတန်မှ တန်ဖိုးဖြတ်လို့မရတဲ့ အမွေအနှစ်တွေဖြစ်လာမည်ဖြစ်ပါကြောင်း၊ ဘယ်လိုအခက်အခဲတွေပဲ ဖြစ်လာဖြစ်လာ ငါတို့နိုင်ငံဟာ ချမ်းသာသေးတဲ့နိုင်ငံ မဟုတ်သော်လည်း အင်အားကြီးနိုင်ငံတစ်ခု မဟုတ်သော်လည်း ငါတို့ရဲ့စုပေါင်းအင်အားနဲ့ ဒီစိန်ခေါ်မှုတွေကို အားလုံး ရင်ဆိုင်နိုင်တယ်၊ ကျော်လွှားနိုင်တယ်ဆိုတဲ့ ယုံကြည်စိတ်ချမှုကို နောင်လာနောက်သားတွေ၊ မျိုးဆက်သစ်တွေကို ပေးသွားချင်ပါကြောင်း၊ ဒီလိုယုံကြည်မှုနဲ့ အင်အားကို ပေးသွားနိုင်မယ်ဆိုရင် နောင်အနာဂတ်မှာ ဘယ်လိုစိန်ခေါ်မှုတွေနဲ့ပဲ မြန်မာနိုင်ငံဟာ ရင်ဆိုင်ရ ရင်ဆိုင်ရ ကျော်လွှားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (Union Enterprise for Humanitarian Assistance, Resettlement and Development in Rakhine -UEHRD) ကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ(၁) ရက်နေ့မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလ(၃၀)ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်မှု သတင်းလွှာ

## နိဒါန်း

ရခိုင်ပြည်နယ်အတွင်းလူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း **UEHRD** ကော်မတီကို (၁၇-၁၀-၂၀၁၇)ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိအဖွဲ့ဝင်(၁၀)ဦးနှင့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးဆောင်သည့် **UEHRD** စီမံကိန်းတွင် အစိုးရနှင့်အတူ ပုဂ္ဂလိကစီးပွားရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ အပါအဝင် လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်အလိုက် **Task Force** (၁၀)ဖွဲ့ကို (၂၁-၁၀-၂၀၁၇)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(**UMFCCI**)နှင့် ပူးပေါင်းကာ UEHRD စီမံကိန်း ကော်မတီ၏ လုပ်ငန်းစဉ်(၃)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းစဉ် (၁)**

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေး



**လုပ်ငန်းစဉ် (၂)**

ပြန်လည်နေရာချထားရေးနှင့်ပြန်လည်ထူထောင်ရေး




**လုပ်ငန်းစဉ် (၃)**

ဒေသဖွံ့ဖြိုးရေးနှင့်ရေရှည်ပဋိပက္ခကင်းဝေးရေး






# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထိထိရောက်ရောက်ပေးအပ်ရေးနှင့် ပြန်လည်လက်ခံရေး

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုများ

မိမိအစီအစဉ်ဖြင့် ဝင်ရောက်လာသူများအတွက် စားနပ်ရိက္ခာ၊ အသုံးအဆောင်၊ အဝတ်အထည်ထောက်ပံ့ခြင်း → ၅၂၁ ဦး ကျပ် ၂၀.၄၈ သန်း










| | | | |
|---|---|---|---|
| အသက်(၈၅)နှစ်နှင့်အထက် ဘိုးဘွားများ ထောက်ပံ့ခြင်း | ၄၃၆၇၇ ဦး ကျပ် ၂၁၄၂.၆၀သန်း | တိုက်ပွဲရှောင်အိမ်ထောင်စုများ အတွက်စားနပ်ရိက္ခာ၊အသုံးအဆောင်၊ အဝတ်အထည်ထောက်ပံ့ခြင်း | ၃၅၃၄၄၇ ဦး ကျပ် ၄၇၈၅.၉၃ သန်း |



မသန်စွမ်းသူများ One Time Grant ထောက်ပံ့ခြင်း ⟷ ၉၇၅၆ ဦး ကျပ် ၂၉၂.၆၈ သန်း



မင်းပြား၊ မြေပုံ၊ ကျောက်တော်၊ အမ်းမြို့နယ်များတွင်ကလေးပျော်နေရာများ ဖွင့်လှစ်ခြင်း ⟷ (၆)ခု ၉.၀၀ သန်း

## ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် (၂)နှစ်အောက် ကလေးများထောက်ပံ့ငွေ



၁၃၂၄၀၀ ဦး
ကျပ် ၄၀၁၅၆.၃၉၅ သန်း



## ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ (Red Cross Movement-RCM) ဆောင်ရွက်မှု

| စဉ် | အိမ်ထောင်စု | ထောက်ပံ့ခြင်း |
|---|---|---|
| ၁ | ၁၃၆၆၇၉ | ငွေကျပ် (၁၄.၈၀၅)သန်း ထောက်ပံ့ခြင်း |
| ၂ | ၇၉၂၃၈ | စားနပ်ရိက္ခာဖြန့်ဝေခြင်း |
| ၃ | ၃၁၆၆ | အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆောင်ရွက်ပေးခြင်း |
| ၄ | ၃၇၈၇၄ | စားနပ်ရိက္ခာနှင့်တစ်ကိုယ်ရည်သုံးပစ္စည်းများဖြန့်ဝေခြင်း |
| ၅ | ၆၄၂၀ | အရေးပေါ်ကူညီမှု ဆောင်ရွက်ပေးခြင်း |
| ၆ | ၂၉၉၀၄ | မျိုးစပါး၊ ဆပ်ပြာ၊ ရေနှင့် သန့်ရှင်းရေး ထောက်ပံ့ခြင်း |



## ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP)

WFP United Nations World Food Programme

မြို့နယ်ပေါင်း(၁၀)မြို့နယ်တွင် ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် ဖြည့်စွက်အာဟာရ ဖြန့်ဝေခြင်း

၂၄၆၃၂၈ ဦး
၄၀၉၄.၂၆၂ မက်/တန်

## ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ဆောင်ရွက်မှုအခြေအနေ

ပြန်လည်လက်ခံရေးစခန်း(၂)ခုနှင့် ယာယီစခန်း(လှဖိုးခေါင်)တို့တွင် တည်ဆောက်ရေး၊ ရေ၊ မီး၊ စက်သုံးဆီ လုပ်ငန်းသုံးစက်ကိရိယာစသည်တို့အတွက် စုစုပေါင်းကျပ်သန်း(၄၇၀၁.၈၇)ဖြင့် ဆောင်ရွက်ခဲ့သည်-

- ဝန်ထမ်း အိမ်ဆောင်များ ဆောက်လုပ်/ ပြုပြင်ခြင်း၊
- ယာဉ်ရပ်နား စခန်းများ တည်ဆောက်ခြင်း
- စခန်းခြံစည်းရိုးများ ကာရံခြင်း
- သောက်သုံး ရေကန်၊ လမ်း၊ တံတားများ ဆောက်လုပ်ခြင်း



- တရုတ်နိုင်ငံက လှူဒါန်းသော Assembled Board House(၁၀၀၀)သယ်ယူ ပို့ဆောင်ခြင်းနှင့် တပ်ဆင်ခြင်း
- လုံခြုံရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ခြင်း






| ၁၇.၁၀.၂၀၁၇ မှ ၃၁.၁၂.၂၀၁၈ အထိ ကာလအတွင်း မိမိအစီအစဉ်ဖြင့် ဝင်ရောက်မှု | |
|---|---|
| (၁၇၁)ဦး | (၆)ကြိမ် |

| ၁.၁.၂၀၁၉မှ ၃၀.၉.၂၀၂၀ အထိ မိမိအစီအစဉ်ဖြင့် ဝင်ရောက်မှု | |
|---|---|
| (၅၂၄)ဦး | (၃၉)ကြိမ် |

| စုစုပေါင်း မိမိအစီအစဉ်ဖြင့် ဝင်ရောက်မှု | |
|---|---|
| (၆၉၅)ဦး | (၄၅)ကြိမ် |





ပြန်လည်ဝင်ရောက်သူများစာရင်းကို ဘင်္ဂလားဒေ့ရှ်က ပေးပို့မှု (၄)ကြိမ်၊ လူဦးရေ (၁၀၆၁၇၃)ဦးတွင် သတ်မှတ်ပုံစံများအတိုင်းမဟုတ်၍ စိစစ်ရမှုအခက်အခဲများကြောင့် (၃၈၁၀၈)ဦးသာ စစ်ဆေးပြီးဖြစ်ပါသည်။ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။





RESETTLEMENT

## ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး

### ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်အတွက် ဆောင်ရွက်မှုအခြေအနေ

တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများနှင့် ပြည်နယ်အတွင်း နေရပ်စွန့်ခွာနေရသော တိုင်းရင်းသားများ ဟိန္ဒူဘာသာဝင်များ၊ မွတ်စလင်ဘာသာဝင်များအတွက် ပြန်လည်နေရာချထားမှုအဖြစ် နေအိမ်ဆောက်လုပ်ပေးခြင်း

| | | |
|---|---|---|
| တိုင်းရင်းသားများအတွက် | ဆောက်လုပ်ပြီးစီးမှု (၉၃၉)လုံး | နေရာချထားပြီးစီးမှု(၈၆၂)လုံး |
| ဟိန္ဒူဘာသာဝင်များအတွက် | ဆောက်လုပ်ပြီးစီးမှု (၄၁၃)လုံး | နေရာချထားပြီးစီးမှု(၂၉၁)လုံး |
| မွတ်စလင်ဘာသာဝင်များအတွက် | ဆောက်လုပ်ပြီးစီးမှု (၄၇၂)လုံး | နေရာချထားပြီးစီးမှု(၁၄၁)လုံး |

တဖက်နိုင်ငံသို့ မထွက်ခွာဘဲ မောင်တော ဒေသအတွင်း နေရပ်စွန့်ခွာ နေထိုင်ရသူ မှတ်စလင် ဘာသာဝင် (၇၉၇၉)ဦးအတွက် ပြန်လည်နေရာချထားခြင်းကို ဦးစားပေးအလိုက် အဆင့်ဆင့် ဆောင်ရွက်လျက်ရှိရာ UEHRD ရန်ပုံငွေမှ (၁၄၁၈.၃၄၃)သန်းဖြင့် တတိယအဆင့် အထိ ဆောင်ရွက်လျှက်ရှိပါသည်။

**အဆင့်(၁)** မူလကျေးရွာအုပ်စု/ကျေးရွာများတွင် မူလနေအိမ်များ ပြုပြင်ပြီးနေရာချထားခြင်း(၁၂၅၉)ဦး

**အဆင့်(၂)** မူလကျေးရွာအုပ်စု/ကျေးရွာများတွင် ဒေသပုံစံ နေအိမ်ဆောက်လုပ်နေရာချထားခြင်း(၁၁၅၉)ဦး

**အဆင့်(၃)** မူလမောင်တောမြို့ပေါ်ရပ်ကွက် နေထိုင်သူများကို ဒေသနေအိမ်ဆောက်လုပ်နေရာချထားခြင်း (၁၅၈၈)ဦး

**အဆင့်(၄)** ဖွံ့ဖြိုးမှုအစီအစဉ်အရ ဆောင်ရွက်မည့် ကျေးရွာများတွင် ဒေသနေအိမ်များ ဆောက်လုပ်နေရာချထားခြင်း (၃၉၃၇)ဦး



အဆိုပါ နေရာချထားသူများ၏ အသက်မွေးဝမ်းကျောင်းအတွက် (၁၃ HP) ငါးဖမ်းစက်လှေ (၂)စီးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ လည်းကောင်း၊ လက်တွန်းထွန်စက်ဖိုး (၁.၈၄၇)သန်းကို UEHRD ရန်ပုံငွေက လည်းကောင်း ထောက်ပံ့ခဲ့ပါသည်။ ငါးဖမ်းပိုက်နှင့် ငါးဖမ်းစက်လှေများ ထပ်မံလိုအပ်လျက်ရှိရာ ဖြည့်ဆည်းနိုင်ရေး ညှိနှိုင်း ဆောင်ရွက်ဆဲဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြန်လည်ဝင်ရောက်လာမည့် ဟိန္ဒူဘာသာဝင်များအတွက် ပြန်လည်နေရာချထားမည့် အိုးထိန်းကျေးရွာရှိ ဆောက်လုပ်ပြီး နေအိမ်များ လျှပ်စစ်မီးရရှိရေးအတွက် UEHRD အနေဖြင့် (၅၁.၄၈)သန်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀.၈.၂၀၂၀ နေ့က မီးလောင်မှုဖြစ်ပွားခဲ့သော စစ်တွေမြို့ ခေါင်းဒုက္ကာ IDP စခန်းအတွက် (၈)ခန်းပါ တန်းလျား(၇)ဆောင် ဆောက်လုပ်ရန် UEHRD ရံပုံငွေက (၃၅)သန်း ထောက်ပံ့ခဲ့ပါသည်။

## ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်အတွက် UEHRD လုပ်ငန်းအဖွဲ့များပါဝင်ဆောင်ရွက်မှုအခြေအနေ

### လတ်တလောအကူအညီများ ဆောင်ရွက်ပေးနိုင်မှုအခြေအနေ




- ဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းအဖွဲ့သည် လက်ခံရေးစခန်းများ၊ နေအိမ်များ တည်ဆောက်မှုလုပ်ငန်းများတွင် ကြီးကြပ်မှု ဆောင်ရွက်ခဲ့ပါသည်။
- စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့သည် ဆန်းစပါးနှင့် လယ်ယာသီးနှံ သိုလှောင်သန့်စင် တန်ဖိုးမြှင့်တင်ခြင်းစီမံကိန်းကို စတင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

- **အသေးစားလုပ်ငန်းများချေးငွေရရှိရေးလုပ်ငန်းအဖွဲ့**သည် ပြည်နယ်အတွင်းမြို့နယ်(၁၀)မြို့နယ်တွင် အသေးစား ချေးငွေလုပ်ငန်းများဆောင်ရွက်ရာ ကျပ်(၁၄၄၆.၇၅)သန်း တိုးမြှင့်ထုတ်ချေးနိုင်ခဲ့ပါသည်။




- **ခရီးသွားကဏ္ဍမြှင့်တင်ရေးလုပ်ငန်းအဖွဲ့**သည် စွန့်ပစ်တာယာအဟောင်းများမှ လူသုံးကုန်ပစ္စည်း ထုတ်လုပ်ရေးသင်တန်းဖွင့်လှစ်ခြင်း၊ ရေလှူဒါန်းခြင်း၊ ပလပ်စတစ် ပြန်လည်သန့်စင်သည့် စက်ရုံ ဖွင့်လှစ်မှုတွင် ပူးပေါင်းပါဝင်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

- **သတင်းနှင့် ဆက်သွယ်ရေး လုပ်ငန်းအဖွဲ့**အနေဖြင့် UEHRD ကော်မတီ အပါအဝင် ရခိုင်ပြည်နယ်အတွင်း ဆောင်ရွက်မှုသတင်းများကို UEHRD Website နှင့် ဆက်စပ်လူမှု မီဒီယာ များတွင် အချိန်နှင့် တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိပါသည်။




- **နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းအဖွဲ့**အနေဖြင့် စက်ဘ်ပူအခြေစိုက် Mainly I Love Kids-MILK (Myanmar)နှင့်ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် လက်မှတ် ရေးထိုးနိုင်ရေးအတွက် အစီကပွဲပိုး ဆောင်ရွက်ခဲ့ပါသည်။ ရခိုင်ပြည်နယ်အတွင်းအသက်မွေးဝမ်းကျောင်း ပညာရပ်များနှင့် လူမှုပေါင်းစည်း ရေးဆိုင်ရာ ပညာရပ်များ လေ့ကျင့်သင်ကြားပေးနိုင်မည့် Dream University ပေါ်ပေါက်ရေးအတွက် ကနဦး အစပျိုးအသက်မွေးသင်တန်းများ၊ ဒေသအုပ်ချုပ်ရေးဆိုင်ရာ အစိုးရဌာနများမှ တာဝန်ရှိ သူများ၊ ပတ်သက်ဆက်နွှယ်သူများအတွက် အုပ်ချုပ်မှုနှင့် ပြည်သူ့ဆက်ဆံရေး ဆိုင်ရာ သင်တန်းများ၊ ပြည်သူ့ကျန်းမာရေး လုပ်သားလေ့ကျင့်မွေးထုတ်မှု သင်တန်းများဖွင့်လှစ်ရန် စတင်ဆောင်ရွက်လျက် ရှိပါသည်။ စစ်တွေမြို့ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း တိုက်ပွဲရှောင်စခန်းတွင် ရောက်ရှိ နေသော တိုက်ပွဲရှောင် ကျောင်းသား/ ကျောင်းသူများအတွက် (၂၀၀)ဦးဆံ့ အိပ်ဆောင်(၂)ဆောင် ကျပ်သိန်း (၆၀၀)စီဖြင့် ဆောက်လုပ်ခြင်းနှင့် ကျောင်းသားဦးရေ(၄၀၀)ဦးအတွက် ပညာသင်ထောက်ပံ့ကြေး (၁)ဦးလျှင် (၂၀၀,၀၀၀ိ/-)နှုန်းဖြင့် (၁)နှစ်စာ စုစုပေါင်း ကျပ်သန်း(၈၀)ထောက်ပံ့ပေးခဲ့ပါသည်။



## UEHRD လုပ်ငန်းစဉ်တွင် မိတ်ဆွေနိုင်ငံများပါဝင်ဆောင်ရွက်မှု

**နိုင်ငံတော်သမ္မတကြီး၏ (၂၆-၂-၂၀၂၀)နေ့ အိန္ဒိယခရီးစဉ်တွင် လက်မှတ်ရေးထိုးခဲ့သော လုပ်ငန်းစီမံကိန်း(၅)ခု ဖြစ်သည့် ရခိုင်ပြည်နယ်အတွင်း**

(၁) မူကြိုကျောင်း(၃)ကျောင်းတည်ဆောက်ခြင်း

(၂) စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း၊

(၃) ဘူးသီးတောင်မြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းခင်းခြင်း

(၄)မြို့နယ်(၅)ခုတွင်ဆိုလာစနစ်ဖြင့်မီးလင်းရေးဆောင်ရွက်ခြင်း

(၅)မြောက်ဦးမြို့နယ်တွင် စွန့်ပစ်ပစ္စည်းမှ စွမ်းအင် ပြန်လည်ထုတ်ယူခြင်း၊ ဌမြို့နယ်တွင် မျိုးစေ့သိုလှောင်ရုံနှင့် ရေဝေစနစ်လုပ်ငန်းများ အကောင်အထည်ဖော်ခြင်းတို့ စတင်ဆောင်ရွက်လျက်ရှိပါသည်။



- ဂျပန်နိုင်ငံက လှူဒါန်းသောနေအိမ် (၁၀၁)လုံး၊ အများသုံးအဆောက်အအုံ (၂)လုံးတို့ တည်ဆောက်ပြီးစီးခဲ့၍ (၁၁-၇-၂၀၁၉)နေ့တွင် ပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးခဲ့ပါသည်။ အမေရိကန်ဒေါ်လာ (၄၈၀၀၀၀)ဖြင့် မောင်တောဆေးရုံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။



**အိန္ဒိယနိုင်ငံက လှူဒါန်းသော နေအိမ်အလုံး (၂၅၀)ဆောက်လုပ်ပြီးဖြစ်၍ (၉-၇-၂၀၂၀)နေ့က ပြည်နယ်အစိုးရသို့ လွှဲပြောင်းခဲ့ပါသည်။**







## ဒေသဖွံ့ဖြိုးရေးနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေး

- ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဒုတိယဥက္ကဋ္ဌသည် လုံခြုံရေးနှင့် COVID-19 ရောဂါ အကန့်အသတ်များရှိသော်လည်း ရခိုင်ပြည်နယ်သို့ (၁၀)ကြိမ် သွားရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် မူတည်ကာ Online Meeting များဖြင့် ပြည်နယ်အစိုးရနှင့် ပူးပေါင်းညှိနှိုင်းကာ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။



- ရခိုင်ပြည်နယ်ပူးတွဲဆန်းစစ်ချက် (Rakhine Joint Assessment) ကို UNDP နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ဆန်းစစ်ချက်အစီရင်ခံစာ အကျဉ်းအသိပေးဖြန့်ဝေခြင်းကို နေပြည်တော်နှင့် စစ်တွေမြို့တွင် (၂၀-၉-၂၀၁၉)နှင့် (၂၄-၉-၂၀၁၉) နေ့တို့တွင် ဆောင်ရွက်ခဲ့ပါသည်။

- လူ့အဖွဲ့အစည်းအတွင်း ငြိမ်းချမ်းစွာပေါင်းစည်းယှဉ်တွဲ နေထိုင်နိုင်ရန် ရည်ရွယ်သည့် ပြည်နယ်အတွင်းရှိ နယ်ပယ်အသီးသီးမှ အမျိုးသမီးများ တွေ့ဆုံသည့် Women’ Evening in Rakhine အခမ်းအနားကို (၁၁-၇-၂၀၁၉)နေ့က စစ်တွေမြို့၌ ကျင်းပနိုင်ခဲ့ပါသည်။



- နော်ဝေနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့၏ ထောက်ပံ့မှုဖြင့် ပြည်နယ်အတွင်းရှိတက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားများအား ဆက်လက်ပညာသင်ကြားနိုင်ရေး အတွက် (၁)လလျှင် အမေရိကန်ဒေါ်လာ(၂၀၀)နှင့်ညီမျှသော ပညာသင်စရိတ်ထောက်ပံ့ခြင်းကို Centre for Diversity and National Harmony-CDNH က တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။




## Camp Closure Strategy အကောင်အထည်ဖော်မှုများတွင် ပါဝင်ဆောင်ရွက်မှု



Camp Closure Strategy နှင့်အညီ ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDP စခန်းပိတ်သိမ်းနိုင်ရေးအတွက် UEHRD ကော်မတီဝင်များ၊ Task Forceအဖွဲ့များသည် (၃-၂-၂၀၂၀) နေ့တွင် ကျောက်ဖြူမြို့သို့ သွားရောက်၍ စခန်းနေသူများနှင့် တွေ့ဆုံခြင်း၊ ပြည်နယ်အစိုးရနှင့် Online အစည်းအဝေးများ ပြုလုပ်ခြင်းတို့ဖြင့် စနစ်တကျပိတ်သိမ်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

## အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှု



- ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်တွင် အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့် ကနဦးလိုအပ်ချက်ဆန်းစစ်ဖော်ထုတ်ခြင်းကို (၇-၃-၂၀၁၉) မှ (၁၃-၃-၂၀၁၉)ထိ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ မေလက ဆန်းစစ်ချက်အစီရင်ခံစာကို ထုတ်ပြန်နိုင်ခဲ့ပါသည်။ ဆန်းစစ်ချက်အစီရင်ခံစာပါ ပူးပေါင်းဆောင်ရွက်နိုင်သည့်ဧရိယာ(၃)ခုအပေါ် မူတည်၍ ပြည်နယ်အတွင်း ဆောင်ရွက်မည့်စီမံကိန်း(၃၈)ခု ဖော်ထုတ်ခဲ့ပါသည်။ ယင်းတို့အနက်(၇)ခုကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသည်။



- အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ASEAN ERAT အဖွဲ့ဝင်များသည် မြန်မာနိုင်ငံအဆင့်မြင့် အရာထမ်းကိုယ်စားလှယ်များနှင့်အတူ (၂၇-၇-၂၀၁၉)နေ့နှင့် (၁၇-၁၂-၂၀၁၉) နေ့တို့တွင် ကော့ဘဇားသို့ သွားရောက်၍ မြန်မာနိုင်ငံ၏ ပြင်ဆင်ဆောင်ရွက်မှုများကို သွားရောက်တွေ့ဆုံရှင်းလင်းခဲ့ပါသည်။
- အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် ASEAN ERAT အဖွဲ့ဝင်များသည် (၂၁-၈-၂၀၁၉)နေ့တွင် ပြန်လည်ဝင်ရောက်လာမည့်သူများကို တာဝန်ရှိသူများနှင့်အတူ လက်ခံရေးစခန်းများတွင် သွားရောက်စောင့်ဆိုင်းသော်လည်း ပြန်လည်ဝင်ရောက်မှုမရှိခဲ့၍ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် မစတင်နိုင်ခဲ့ပါ။

## ပြန်လည်လက်ခံရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှု

ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် သဘောတူလက်မှတ်ရေးထိုးထားသော Arrangement များနှင့်အညီ နှစ်နိုင်ငံအဆင့်မြင့်အရာထမ်းများပါဝင်သော ပူးတွဲလုပ်ငန်းအဖွဲ့ Joint Working Group သည် အောက်ပါအတိုင်း အစည်းအဝေး(၅)ကြိမ်ကျင်းပပြီး ပြန်လည်လက်ခံရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ခဲ့ပါသည်-

| စဉ် | ကျင်းပသည့်နေ့ရက် | ကျင်းပသည့်အကြိမ် | ကျင်းပသည့်နေရာ |
|---|---|---|---|
| ၁ | ၁၅-၁-၂၀၁၈ | ပထမအကြိမ် | နေပြည်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန |
| ၂ | ၁၇-၅-၂၀၁၈ | ဒုတိယအကြိမ် | ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အစိုးရဧည့်ဂေဟာ |
| ၃ | ၃၀-၁၀-၂၀၁၈ | တတိယအကြိမ် | ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဒါကာမြို့ |
| ၄ | ၃-၅-၂၀၁၉ | စတုတ္ထအကြိမ် | နေပြည်တော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန |

| | | | |
|---|---|---|---|
| ၅ | ၁၈-၁၂-၂၀၁၉ မှ ၁၉-၁၂-၂၀၁၉ ထိ | ပဥ္စမအကြိမ် | ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ခ်ဘဇား |



## UNDP UNHCR တို့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ

UNHCR ၊ UNDPတို့နှင့် လက်မှတ်ရေးထိုးထားသော MOUနှင့်အညီ အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များပါဝင်သော နည်းပညာလုပ်ငန်းအဖွဲ့ (TWG) သည် ကျေးရွာပေါင်း(၁၂၀)ကျော် ကွင်းဆင်းသွားရောက်ကာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ (Quick Impact Projects–QIPs) (၇၅)ခုကို မောင်တောမြို့နယ်ကျေးရွာ (၈၆)ရွာ ဘူးသီးတောင်မြို့နယ် ကျေးရွာ(၂၂)ရွာတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။



## COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် ပါဝင်ဆောင်ရွက်မှု

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွင် ပါဝင်မှုအဖြစ် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီမံချက်ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိရာ-

| | | |
|---|---|---|
| ၁ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | |
| | ■ အဝတ်နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ သာမိုမီတာ၊ လက်ဆေးဘေစင်၊ မျက်နှာအကာ (Face Shield)၊ ဆပ်ပြာ၊ ထုံးအိတ်၊ Quarantine Centre အဖြစ် ယာယီအဆောင်(၃၀)လုံး ဆောက်လုပ်ခြင်း<br>ကျပ် (၁၂၀၅.၀၃၈ သန်း) |  |
| | ■ CERP အစီအစဉ်ဖြင့် သောက်သုံးရေရရှိရေး၊ လက်ဆေးဘေစင်၊ IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများ | |

| | |
|---|---|
| | အတွက် ဆန်၊ ဆီ၊ ဆားထောက်ပံ့ခြင်း ကျပ်(၁၆၀၄.၁၂ သန်း)   |
| | Quarantine Centre မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက်ကလေးများ၊ အသက်(၅)နှစ်အောက်ကလေးများ၊ ဘိုးဘွားများနှင့် သုံးမြွာပူးနှင့် အထက်မွေးဖွားသည့် မိခင် ထောက်ပံ့ခြင်း ကျပ်(၄၁၆၁၂.၇၈ သန်း) |
| ၂ | **UEHRD Task Force များ** |
| | ဒေသသုံးဘာသာစကားများဖြင့် COVID-19 ရောဂါဆိုင်ရာကြေညာချက်များကို ပြုစု၍ အသံချဲ့စက်များ ဖြန့်ဝေခြင်း၊ သာမိမီတာများ လှူဒါန်းခြင်း ကျပ်(၁.၃၅ သန်း)   |
| | စင်္ကာပူအခြေစိုက် Asia Philanthropy Circle (APC)နှင့် ပူးပေါင်း၍အရည်အသွေးမြင့်ပြန်လည်အသုံးပြုနိုင်သည့်နှာခေါင်းစည်းများလှူဒါန်းခြင်း (အမေရိကန်ဒေါ်လာ ၂၆၉၈၀)  |
| | COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသော စေတနာ့ဝန်ထမ်းများအတွက် နေထိုင် စားသောက်ရေးအသုံးပြုရန် လှူဒါန်းခြင်း (၁၀ ကျပ်သန်း) |
| | အိပ်ရာပစ္စည်းအစုံ (၁၀၀) လှူဒါန်းခြင်း (၂.၅ ကျပ်သန်း) |
| | အထူးကြပ်မတ်ကုသခန်းသုံးစက် လှူဒါန်းခြင်း (၁၀.၀၃၅ ကျပ်သန်း) |

## UEHRD ၏ နှစ်ပတ်လည်အခမ်းအနားကျင်းပမှု

UEHRD ကော်မတီပထမအကြိမ် နှစ်ပတ်လည်အခမ်းအနားကို (၁၈-၁၀-၂၀၁၈)နေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌လည်းကောင်း၊ ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်းအနားကို (၁၈-၁၀-၂၀၁၉)နေ့တွင် နေပြည်တော် Hilton ဟိုတယ်၌ လည်းကောင်းကျင်းပခဲ့ပါသည်။

# (၁၈.၁၀.၂၀၁၉)ရက်နေ့တွင် ကျင်းပသည့် UEHRD ၏ ဒုတိယအကြိမ် နှစ်ပတ်လည်အခမ်းအနား မှတ်တမ်းဓာတ်ပုံများ






UEHRD
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊
ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း



UEHRD
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊
ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း




## UEHRD ကော်မတီ၏ အလှူရန်ပုံငွေ

UEHRD ၏လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များ၊ စေတနာရှင်များ၊ မိတ်ဆွေနိုင်ငံများနှင့် အဖွဲ့အစည်းများက လှူဒါန်းထားသော အလှူငွေများကို လုပ်ထုံးလုပ်နည်း၊ ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျသုံးစွဲ ဆောင်ရွက် လျက်ရှိပါသည်။ UEHRD ၏ (၁-၁-၂၀၁၉)မှ (၃၀-၉-၂၀၂၀)အထိ ကာလအတွင်း ရန်ပုံငွေ ရရှိ၊ သုံးစွဲ၊ လက်ကျန် အခြေအနေကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။ ၃၀-၉-၂၀၂၀ အထိ ကျပ်(၄၂၂၅၀၈၄၄၀/-) တန်ဖိုးရှိ ပစ္စည်း၊ လုပ်အား၊ဝန်ဆောင်မှုအလှူ(In-Kind Donation)ကို ပြည်တွင်း/ပြည်ပ စေတနာရှင်များက ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)သို့ လှူဒါန်းခဲ့ပါသည်။


### (၁-၁-၂၀၁၉)မှ(၃၀-၉-၂၀၂၀)ထိကာလအတွင်း
### UEHRD ရန်ပုံငွေ ဘဏ်ရှင်းတမ်းအရ ရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေ




### လုပ်ငန်းကဏ္ဍအလိုက်သုံးစွဲဆောင်ရွက်မှု

UEHRD ရန်ပုံငွေဖြင့် UEHRD ၏ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအလိုက် သုံးစွဲမှုကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-



UEHRD ကော်မတီသို့ အများပြည်သူများ အလွယ်တကူ လှူဒါန်းနိုင်ရန်၊ အောက်ပါဘဏ်များတွင် မြန်မာငွေနှင့် နိုင်ငံခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိပြီး ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် UEHRD လုပ်ငန်းဆောင်ရွက်မှုများကို http://www.uehrd.org website တွင်လေ့လာကြည့်ရှုနိုင်ပါသည်-

| ဘဏ်အမည် | မြန်မာကျပ်ငွေစာရင်း | နိုင်ငံခြားငွေစာရင်း |
|---|---|---|
| ကမ္ဘောဇဘဏ် | 034 103 034 017 85901 | 206 109 206 015 42701 |
| ရေဝတီဘဏ် | 000 110 501 002 2168 | 000 110 503 000 0135 |
| CBဘဏ် | 009 310 040 000 0183 | 009 310 120 000 1007 |
| မြန်မာ့စီးပွားရေးဘဏ် | CF 003638 | EDU-400001 |

## နိဂုံး

စိန်ခေါ်မှုမျိုးစုံရှိနေသော ရခိုင်ပြည်နယ် ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ အတွက် ရေရှည်တည်တံ့မည့် အခြေခံကောင်းများ ဖော်ဆောင်ပေးရန် နိုင်ငံတော်အစိုးရ၏ သန္နိဋ္ဌာန်ပြုထားချက်နှင့်အညီ ဖွဲ့စည်းပေးထားသည့် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူတို့၏ ပေါင်းစည်းမှုအင်အားဖြစ်သည့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ ဖွဲ့စည်း ဆောင်ရွက်ခဲ့သည်မှာ(၃)နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်ပါသည်။ (၃)နှစ်တာကာလအတွင်း လုပ်ဆောင်ချက်များကို မှတ်တမ်းပြုထားရှိရန်နှင့် လုပ်ဆောင်ချက်များအပေါ် ပြန်လည်သုံးသပ်ကာ တွေ့ကြုံခဲ့ရသည့်၊ တွေ့ကြုံရနိုင်မည့် အခက်အခဲအကြပ်အတည်းများ၊ များပြားလှစွာသောစိန်ခေါ်မှုများကို အခွင့်အရေးနှင့် အခွင့်အလမ်းများအဖြစ် ပြောင်းလဲ၍ ဆက်လက်ဆောင်ရွက်ရန်ရှိသည်များကို ပြည်သူနှင့်အတူ ပေါင်းစည်းမှုအင်အားဖြင့် ရည်မှန်းချက်များအတိုင်း ပေါက်မြောက်အောင်မြင်နိုင်ရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။